## အသုံးမပြုမီ ဆေးအညွှန်းကို သေချာစွာဖတ်ပါ။

ဘင်း ၂၅၀ အက်(စ်)အယ်(လ်)ကို ပေါင်းပင်များ အရွက်(၂–၄)ရွက်ထွက်ချိန် (သို့) သီးနှံစိုက်ပြီး (၁၄–၂၈)ရက်အတွင်း အောက်ပါဇယားအတိုင်း ဖျော်စပ်၍ ပက်ဖျန်းနိုင်ပါသည်။

**သုံးစွဲရန်အညွှန်း**

| သီးနှံ | နှိမ်နင်းနိုင်သောပေါင်းပင်များ | နှုန်းထား (စီစီ/ဧက) | ၁၆ လီတာဝင် ဆေးဖျန်းပုံးတစ်ပုံးတွင် ထည့်ရမည့်ဆေးပမာဏ (စီစီ) |
|---|---|---|---|
| ပဲ | ဟင်းနုနွယ်၊ ကပ်စေးနဲ၊ ကုလားမျက်စေ့၊ ကြိတ်မှန်၊ ဘောက်ခွေး၊ ကန်ဇွန်းနွယ်၊ ဖရဲရိုင်း အစရှိသောရွက်ပြန့်ပေါင်းများ | ၆၀၀ – ၈၀၀ | ၁၀၀–၁၃၀ |
| မတ်ပဲ | | ၆၀၀ – ၈၀၀ | ၁၀၀–၁၃၀ |
| ပဲတီစိမ်း | | ၆၀၀ – ၈၀၀ | ၁၀၀–၁၃၀ |
| ပဲပုပ် | | ၆၀၀ – ၈၀၀ | ၁၀၀–၁၃၀ |

မှတ်ချက်။ ။ တစ်ဧကလျှင် ဆေးဖျန်းပုံး (၆)ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

**ဘင်း ၂၅၀ အက်(စ်)အယ်(လ်)ပေါင်းသတ်ဆေးသုံးပြီးနောက် နောက်သီးနှံမစိုက်မီ စောင့်ဆိုင်းရမည့်ကာလ**

| သီးနှံ | အနည်းဆုံးခြား၍စိုက်ရမည့်ရက် |
|---|---|
| ပဲ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ် | – |
| ဂျုံ၊ ဘာလီ၊ ရိုင်း | (၄) လ |
| ပြောင်း၊ မြေပဲ၊ စပါး၊ စားတော်ပဲ | (၁၀) လ |
| နေကြာ၊ နှံစားပြောင်း၊ မုန်လာဉနီ၊ အခြားသီးနှံများ | (၁၈) လ |

BURONOS

# BEEN 250 SL

# ဘင်း

## ၂၅၀ အက်(စ်)အယ်(လ်)

## ရွေးချယ်ပေါင်းသတ်ဆေး

အစွမ်းရှိပစ္စည်း :**Fomesafen** ............. 250 g/L SL
အစွမ်းမဲ့ပစ္စည်း : ................................ 750 g/L

ဆေးအုပ်စု – **Diphenylether**



ဖြန့်ချိသူ BURONOS
ဘူရိုနိုစ် ပရိုက်ဗေ့(ထ်) ကုမ္ပဏီလီမိတက်
( BURONOS PRIVATE COMPANY LIMITED )
အမှတ်(၅၉/၆၁)၊ (ခြံအမှတ်–E)၊ မဟာဝိဇ္ဇာဓိရိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

ထုတ်လုပ်သူ
ZENITH CROP SCIENCES BULGARIA LTD
75-83, DIMITAR MANOV STR., SOFIA 1408, BULGARIA

**1000 cc**

အဆိပ်ဖြစ်မှုအဆင့်အတန်း GHS အုပ်စု(၅)

## ကလေးများလက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ်သိမ်းဆည်းပါ။

**သတိပြုရန်**

- ဆေးဖျန်းစဉ် လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်၊ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီလက်ရှည်၊ မျက်မှန်၊ ဦးထုပ်နှင့် အကာအကွယ်အပြည့်အစုံ ဝတ်ဆင်ရမည်။
- မျက်လုံးနှင့် အရေပြားပေါ်သို့ ဆေးနှင့် တိုက်ရိုက်မထိတွေ့စေရ။
- ဆေးကိုင်တွယ်အသုံးပြုနေချိန် အစာစားခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ရေသောက်ခြင်း မပြုရ။
- ဆေးဖျန်းပြီးလျှင် အဝတ်အစားများကို ဆပ်ပြာနှင့် ဂရုတစိုက် စင်ကြယ်အောင် လျှော်ဖွတ်ပါ။ ဆေးဖျန်းစဉ် လေဆန်မှ မဖျန်းရ။

**သိုလှောင်ခြင်းနှင့်စွန့်ပစ်ခြင်း**

- အေးမြခြောက်သွေ့ပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် မူလဆေးဘူးခွံကို အဖုံးတင်းကြပ်စွာ ပိတ်၍ သိုလှောင်ပါ။
- ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ်သိမ်းဆည်းထားပါ။
- ဆေးဘူးခွံအလွတ်များကို ပြန်လည်အသုံးမပြုရပါ။ ထုခြေဖျက်ဆီး၍ မြေကျင်းနက်နက်တူးပြီး မြေမြှုပ်ပစ်ပါ။
- အသုံးပြုပြီးသောဆေးဘူးခွံများကို မြစ်ချောင်း၊ အင်းအိုင်နှင့် မြောင်းများသို့ စွန့်မပစ်ရ။ မီးမရှို့ရပါ။
- လူအစားအစာ၊ တိရစ္ဆာန်အစားအစာ၊ မျိုးစေ့၊ ဓာတ်မြေဩဇာများနှင့် ရောနှောမသိုလှောင်ရ။

**ရှေးဦးသူနာပြုစုနည်း**

- မျက်စိအတွင်းသို့ ဆေးဝင်လျှင် ရေများများနှင့် ဖြေးညင်းညင်သာစွာ ဖွင့်ချည်ပိတ်ချည် ၁၅ မိနစ်ခန့် ဆေးကြောပြီး ဆေးကုသမှုကို ခံယူပါ။
- ဆေးများကို ထိမိပါက ဆေးပေနေသောအဝတ်အစားများကို ချွတ်ပစ်ပါ။ ဆေးထိမိသောအရေပြားအား ရေ၊ ဆပ်ပြာဖြင့် ၁၅ မိနစ်မှ ၂၀ မိနစ်ထိ ဆေးကြောပါ။ ဆရာဝန်၏ အကြံဉာဏ်နှင့် ကုသမှုကို ခံယူပါ။
- ဆေးရှူမိလျှင် လူနာအား လေကောင်းလေသန့်ရရှိသောနေရာတွင် ထားပါ။
- ဆေးကို မျိုချမိပါက ရေနှင့်ပလုပ်ကျင်းပါ။ ဆရာဝန်၏ညွှန်ကြားချက်မပါပဲ အန်အောင်မပြုလုပ်ရ။ ဆေးကုသမှု အမြန်ဆုံးခံယူပါ။

ဖြေဆေး – ဖြေဆေးသီးသန့်မရှိပါ။ အဆိပ်သင့်လက္ခဏာအရ ကုသပါ။

မှတ်ပုံတင်အမှတ် F 2019 - 2136
ထုတ်လုပ်မှုအမှတ်စဉ်
ထုတ်လုပ်သည့်ရက်စွဲ
သက်တမ်းကုန်ဆုံးမည့်ရက်စွဲ

